# တော ၄၀ **(40’ to)**

| အနိစ္စလက္ခဏာ (၁၀) ချက် | | |
|---|---|---|
| 1 | အနိစ္စတော | မြဲခြင်းမရှိ = မမြဲ။ |
| 2 | ပလောကတော | ပျက်စီးခြင်းသဘော ရှိ၏။ |
| 3 | စလတော | မတည်ကြည် မတံ့စား ရွေ့ရှားတုန်လှုပ်တတ်၏။ |
| 4 | ပဘင်္ဂုတော | ဖရိုဖရဲ ပြိုကွဲပျက်စီးခြင်း သဘောရှိ၏။ |
| 5 | အဒ္ဓုဝတော | ခိုင်မာခြင်းသဘောမရှိ။ |
| 6 | ဝိပရိဏာမဓမ္မတော | ဖောက်ပြန်ခြင်းသဘော ရှိ၏။ |
| 7 | အသာရကတော | ခိုင်မာသည့် အနှစ်သာရမရှိ။ |
| 8 | ဝိဘဝတော | ဆုံးရှုံးခြင်းသဘော ရှိ၏။ |
| 9 | မရဏဓမ္မတော = မစ္စု | သေခြင်းသဘောရှိ၏။ |
| 10 | သင်္ခတတော | အကြောင်းတရားတို့သည် အဖန်ဖန် အထပ်ထပ်ပြုပြင်အပ်သော သဘောရှိ၏။ |

| ဒုက္ခလက္ခဏာ (၂၅) ချက် | | |
|---|---|---|
| 1 | ဒုက္ခတော။ | ယုတ်မာညစ်ဆိုးဆင်းရဲသည့် ဒုက္ခမျိုးသာတည်း။ |
| 2 | ရောဂတော။ | ကျင်နာညစ်ဆိုး ရောဂါမျိုးသာတည်း။ |
| 3 | အဃတော။ | အကျိုးယုတ် အကျိုးမဲ့မျိုးသာတည်း။ |
| 4 | ဂဏ္ဍတော။ | မဖွယ် ရုပ်ဆင်းထွတ်မြင်းအနာမျိုးသာတည်း။ |
| 5 | သလ္လတော။ | စူးဝင် ညစ်ဆိုး မြားငြောင့်မျိုးသာတည်း။ |
| 6 | အာဗာဓတော။ | နှိပ်စက်လွှမ်းမိုး အနာမျိုးသာတည်း။ |
| 7 | ဥပဒ္ဒဝတော။ | လွန်စွာကပ်ရပ် နှိပ်စက်တတ်သော ဥပါဒ်မျိုးသာတည်း။ |
| 8 | ဘယတော။ | ချမ်းသာ စသည်နှင့် မရော ပြန့်ပြောများပြား ကြီးမားသော ဘေးမျိုးသာတည်း။ (ဝါ) ကြောက်ဖွယ်ညစ်ဆိုး ဘေးရန်မျိုးသာတည်း။ |
| 9 | ဤတိတော။ | ထိတ်လန့်စဖွယ် အန္တရာယ်မျိုးသာတည်း။ |
| 10 | ဥပသဂ္ဂတော။ | တွယ်တာစွဲကပ် နှိပ်စက်တတ်သော ဥပါဒ်မျိုးသာတည်း။ |
| 11 | အတာဏတော။ | စောင့်ရှောက်မဲ့လျှင်း ဘေး၏ အသင်းသာတည်း။ |
| 12 | အလေဏတော။ | ကွယ်ရာမဲ့လျှင်း ဘေး၏ အသင်းသာတည်း။ |
| 13 | အသရဏတော။ | ကိုးကွယ်ရာမဲ့လျှင်း ဘေး၏ အသင်းသာတည်း။ |
| 14 | ဝဓကတော။ | သမ္မုတိသစ္စာ လျော်စွာပညတ် ခေါ်ဝေါ်အပ်သည့် လူနတ်ဖြဟ္မာသတ္တဝါကို သုံးဖြာခဏ ဘင်သို့ကျအောင် ကာလမရှည် သန္တာန်စည်၍ နာရီမလပ် အတွင်သတ်သည့် လူသတ်မျိုးရိုးသာတည်း။ |
| 15 | အဃမူလတော။ | ကျိုးမဲ့ခပင်း ဆင်းရဲခြင်း၏ အရင်းအမြစ်သာတည်း။ |
| 16 | အာဒီနဝတော။ | ဆိုးဝါးညစ်ကျူ အပြစ်စုသာတည်း။ (တစ်နည်း) ခိုကိုးရာမဲ့ အထီးကျန်သူဆင်းရဲသာတည်း။ |
| 17 | သာသဝတော။ | အာသဝေါတရားလေးပါးတို့၏ အစီးအပွားသာတည်း။ |
| 18 | မာရာမိသတော။ | ကိလေသမာရ် မစ္စုမာရ်တို့၏ (ဝါ) မာရ်ငါးပါးတို့၏ စားဖတ်ဝါးဖတ် သုံးသပ်နင်းနယ်ရာသာတည်း။ |
| 19 | ဇာတိဓမ္မတော။ | ဖြစ်ချင်တိုင်း ဖြစ်တတ်သောသဘောရှိ၏။ |
| 20 | ဇရာဓမ္မတော။ | ဆုတ်ယုတ်လျော့ပါးခြင်းသဘောရှိ၏။ |
| 21 | ဗျာဓိဓမ္မတော။ | ဖျားနာခြင်းသဘော  ရှိ၏။ |
| 22 | သောကဓမ္မတော။ | စိုးရိမ်ပူပန်ခြင်းသဘော ရှိ၏။ |
| 23 | ပရိဒေဝဓမ္မတော။ | ငိုကြွေးမြည်တမ်းရခြင်းသဘော ရှိ၏။ |
| 24 | ဥပါယာသဓမ္မတော။ | သက်ကြီးရှိုက်ငင် ပြင်းစွာပူပန်ရခြင်းသဘောရှိ၏။ |
| 25 | သံကိလေသိကဓမ္မတော။ | တဏှာ ဒိဋ္ဌိ ဒုစ္စရိတတည်းဟူသော ညစ်နွမ်းခြင်းသုံးပါးကို (ဝါ)ကိလေသာဆယ်ပါးတည်းဟူသော ညစ်နွမ်းခြင်းကို ပွားစီးစေတတ်သောသဘော ရှိ၏။ |

| အနတ္တလက္ခဏာ (၅) ချက် | | |
|---|---|---|
| 1 | အနတ္တတော။ | (သာမိ နိဝါသိ ကာရက ဝေဒက အဓိဋ္ဌာယက)အတ္တမဟုတ်။ |
| 2 | သုညတော။ | သာမိ နိဝါသိ ကာရက ဝေဒက အဓိဋ္ဌာယက အတ္တမှ ဆိတ်သုဉ်း၏။ |
| 3 | ပရတော။ | အကျွမ်းဝင်ခြင်း အမြဲကင်းသော သူစိမ်းပြင်ပသာတည်း။ |
| 4 | ရိတ္တတော။ | ဓုဝ သုဘ သုခ အတ္တ ဟူသော အနှစ်သာရဟူသမျှနှင့် မြူမျှ မယှဉ် မစဉ်ဆိတ်ကင်းသော သဘောတရားသာတည်း။ |
| 5 | တုစ္ဆတော။ | ဓုဝ သုဘ သုခ အတ္တမမှီး အချည်းနှီးသာတည်း။ (ဝါ) သေးငယ်ယုတ်ညံ့ အချည်းနှီးသော တရားသာတည်း။ |